

# ဘက်တီးရီးယား ပင်ညှိုးရောဂါ


## နည်းပညာလမ်းညွှန်



• ဘက်တီးရီးယား ပင်ညှိုးရောဂါဆိုတာဘာလဲ

MYANMAR

Ralstonia solanacearum ကြောင့်ဖြစ်သော မြေဆောင်ရောဂါဖြစ်ပြီး ခရမ်း၊ ခရမ်းချဉ်၊ ငရုတ်နှင့် အာလူးမျိုးရင်းဝင်အပင် တော်တော်များတွင် ကျရောက်နိုင်သည်။




## ဘယ်လိုပြန့်နှံ့စေသလဲ?



မြေကြီးများမှ
တစ်ဆင့် ကူးစက်ခြင်း



ရောဂါကျရောက်နေသော
ပျိုးပင်လေးများ



သွင်းရေများမှ
တစ်ဆင့်ကူးစက်ခြင်း



ဖိနပ်များ၊
စိုက်ပျိုးလုပ်ကိုင်သူများမှ
တစ်ဆင့်



စိုက်ပျိုးရေးသုံး
ပစ္စည်းကိရိယာများမှတစ်ဆင့်

ရောဂါဖြစ်ပွားစေသော အခြေအနေ- မြင့်မားသော အပူချိန် (၃၀-၃၅°C)၊ မြေအစိုဓာတ်များချိန်နှင့်
ရေသွင်းရေထုတ်ညံ့ဖျင်းခြင်း
ရောဂါစတင်ဝင်ရောက်ပုံ - သဘာဝအနာဒဏ်ရာများ အင်းဆက် (သို့) နီမာတုတ်ဖျက်ဆီးမှု (သို့)
စိုက်ခင်းအတွင်း လုပ်ကိုင်စဉ်(ဥပမာ-ပေါင်းနုတ်ခြင်း) ရရှိသောအနာဒဏ်ရာများမှတစ်ဆင့်ဝင်ရောက်

## ရောဂါလက္ခဏာဘာတွေလဲ?

### အရွက်များ / တစ်ပင်လုံး



ခရမ်းချဉ်



ခရမ်း

အစောပိုင်းလက္ခဏာ- အရွက်န ၁-၂
ရွက်တွင် ရုတ်တရက်ညှိုးသွားသည်။
အပင်သည် တစ်ဖက်ဖက်သို့ ညှိုးကျနေပေမည်။

ရောဂါလက္ခဏာ- အဝါရောင်မပြောင်းပဲ
အပင်တစ်ပင်လုံး ညှိုးသွားခြင်း။



ငရုတ်



ကြက်ဟင်းခါး



ရွှေဖရုံ

### ပင်စည်





၁. ကျန်းမာသန်စွမ်းသော ပင်စည်
၂. ရောဂါကျရောက်သော
ပင်စည်တွင်
အညိုရောင်ပြောင်းနေခြင်း။

# ဘယ်လို ကြည့်ရှုစစ်ဆေးပြီး ရောဂါကိုခွဲခြားမလဲ?

၁. အစောပိုင်းလက္ခဏာကို ကြည့်ရှုစစ်ဆေးပါ။ အညွန့်၏ထိပ်ပိုင်းသည် အဝါရောင်မသန်းဘဲ ရုတ်တရက် ညှိုးသွားသည်

၂. ဘက်တီးရီးယား စပိုးထွက်ရှိမှုစမ်းသပ်ချက် လုပ်ဆောင်ပါ။



ညှိုးနေသောအပင်ကို ဆွဲနုတ်ပါ။ အပင်တွင် ကပ်နေသောမြေကြီးများကို မလှုပ်ခါရ၊ ၎င်းတို့မှတဆင့် ရောဂါကူးစက်စေနိုင်သဖြင့် အထူးဂရုပြုပါ။



အပင်၏အရင်းကို ဖြတ်တောက်ပါ။



ရေထည့်ထားသည့် အကြည်ရောင်ဖန်ခွက် (သို့) ထည့်စရာခွက်တစ်ခုထဲတွင် ဖြတ်ထားသည့် ပင်စည်အစိတ်အပိုင်းကို နှစ်ပါ။



ဘက်တီးရီးယားစပိုးများ မီးခိုးမှျင်တန်းကဲ့သို့ ထွက်ရှိမှု ရှိ၊ မရှိလေ့လာကြည့်ရှုပါ။

ဘက်တီးရီးယားစိမ့်ထွက်ရည်စမ်းသပ်မှုသည် ဘက်တီးရီးယားပင်ညှိုးရောဂါကူးစက်မှုကို သေချာစေသည်။ စိမ့်ထွက်ရည်မရှိလျှင် အခြားပင်ညှိုးကိုဖြစ်စေသော မှိုရောဂါ၊ နီမတုတ်၊ ရေကြောင့်ကူးစက်သောမှို၊ အင်းဆက် (သို့) ပင်ပိုင်းထိခိုက်မှု နှင့် ပေါင်းသတ်ဆေးဒါဏ်ကြောင့် ဖြစ်နိုင်သည်။

# ဘယ်လိုစီမံခန့်ခွဲမလဲ?

ဘက်စုံဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းသည် ဘက်တီးရီးယားပင်ညှိုးရောဂါကူးစက်ခြင်းကို ရှောင်ရှား လျော့ချရန်အတွက် ထောက်ခံအကြံပြုပါသည်။ ဘက်တီးရီးယားပင်ညှိုးရောဂါ ဖြေရှင်းရန်အခြားသီးသန့်အကောင်းဆုံးနည်းမရှိပါ။

## ကာကွယ်ခြင်း-ဘယ်လိုရှောင်ရှားမလဲ?



ရောဂါကူးစက်နေသောစိုက်ခင်းတွင် အပင်စိုက်ခြင်းမှရှောင်ကျဉ်ပါ။



ရနိုင်လျှင် ကိုင်းဆက်ထားသောမျိုးပင်ငယ် (သို့) ရောဂါခံနိုင်ရည်ရှိသောမျိုး(သို့) ရောဂါကင်းသော မျိုးပင်ကိုအသုံးပြုပါ။




မျိုးပင်အတွက် မြေကို သန့်စင်ပါ။



မြေချဉ်ငံကိုစမ်းသပ်ပြီး ပီအပ်ချ် (၆.၂-၆.၅) တွင်ထိန်းထားပါ။



မြေကြီးထဲသို့ အော်ဂဲလ်နစ်ပစ္စည်းများ ထည့်ပေးပါ။




ရေသွင်းရေထုတ်ကောင်းမွန်ရန် စိုက်ဘောင်ပြုလုပ်ပါ။



မြောင်းတိုက်ရေသွင်းခြင်းကို ရှောင်ကျဉ်ပါ။



ရောဂါကူးစက်နေသောအပင်ကို ကိုင်တွယ်ပြီးတိုင်း လက်ကိုဆေးကြောပါ။



ပိုးသတ်ထားသောပစ္စည်းများကို အသုံးပြုပါ။



သီးလှည့်(၃-၅ နှစ်)စိုက်ပျိုးပါ။ စပါး (ဖြစ်နိုင်လျှင်)ရေမြုပ် အခြေအနေဖြင့် စိုက်ပျိုးခြင်းသည်Ralstonia ရယ်စတိုနီးယား ရောဂါကို လျော့ချရန် အထောက်အကူဖြစ်သည်။

## ရောဂါကျ ရောက်ခြင်း- ရောဂါတွေရှိချိန်တွင်ဘာတွေလုပ်ဆောင်မည်နည်း



ရောဂါကျရောက်သော အပင်များကို နုတ်ယူဖျက်ဆီးပါ (မီးရှို့ပါ)



နေပူလှန်းခြင်း (သို့) ဇီဝငွေ့မှိုင်းတိုက်ခြင်း

http://guides.eastwestseed.com

EWSF မှထွက်ရှိသော စိုက်ပျိုးနည်းလမ်းညွှန်များမှ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။@East West Seed Foundation ၏ ၂၀၁၈ မူပိုင်ခွင့်။
နည်းပညာဆိုင်ရာထောက်ခံချက်များနှင့်ပက်သက်၍ Wageningen University & Research နှင့်အတူ ပူးပေါင်းဆောင်ရွက်သည်။